# သခင့်စကား
The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

တရားစကားကိုကြား၍နှလုံးသွင်းသဖြင့် ---- အဆတစ်ရာပွားများ၍အသီးသီးတတ်သည်၊၊ မဿဲ ၁၃း ၂၃

အမှတ်စဉ် (၁၄၁) ဧပြ ၂၀၁၃ ခုနှစ် စမ္ဗဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင်တည်ထောင်သည်၊၊ Est; September 2001


## မလာနဲ့အုံး မင်းအောင်သက်လွင်



သေခြင်းရယ် မလာနဲ့အုံး၊ ကျနော် အခုမှ မွေးလာတုံး။
သေခြင်းရယ် မလာနဲ့အုံး၊ ကျနော် အခုမှ စာသင်တုံး။
သေခြင်းရယ် မလာနဲ့အုံး၊ ကျနော် အခုမှ မိုက်ကောင်းတုံး။
သေခြင်းရယ် မလာနဲ့အုံး၊ ကျနော် အခုမှ ရင်ခုန်တုံး။
သေခြင်းရယ် မလာနဲ့အုံး၊ ကျနော် အခုမှ ကြိုးစားတုံး။
သေခြင်းရယ် မလာနဲ့အုံး၊ ကျနော် အခုမှ စုဆောင်းတုံး။
သေခြင်းရယ် မလာနဲ့အုံး၊ ကျနော် အခုမှ နားနေတုံး။
သေခြင်းရယ် မလာနဲ့အုံး၊ ကျနော် အခုမှ ချစ်နေတုံး။
သေခြင်းရယ် မလာနဲ့အုံး၊ ကျနော် အခုမှ လုပ်နေတုံး။
သေခြင်းရယ် မလာနဲ့အုံး၊ ကျနော် အခုမှ ရှာနေတုံး။
သေခြင်းရယ် မလာနဲ့အုံး၊ ကျနော် အခုမှ သွားနေတုံး။
အဲဒီလို -- ဆင်ခြေ ဆင်လက်တွေနဲ့ လောကကြီးထဲမှာ လောဘကြီးပြီး
သေခြင်းကို နည်းအမျိုးမျိုးနဲ့တားဆီးနေပေမဲ့
အင်တာနေရှင်နယ် ဗီဇာ ရထားတဲ့ သေခြင်းက
ငါတို့အားလုံးရဲ့ တံခါးဝမှာ တိတ်တဆိတ် ရောက်နှင့်နေပြီ။



------------------------------------------------------------

## အသက်ရှင်သောယဇ် Samuel Soe Lwin



မပြောမပြီးမို့ ပြောရမည်ဆိုက လူတိုင်းသူငါ ခံစားတတ်သူသာမို့
အပျော်များလည်း ငါလည်းနွဲလိုက်ချင်ပါရဲ့လေ...
ရင်ဖွင့်ရရင်လေ ခံစားချက်အထွေထွေက
ရင်မှာပြည့်နှက် ကွဲအက်ကာလေ ထွက်လုခြေပေ့ါ....
နားရှိတော့လည်း ကြားသိရပြန်တာက
ပြုစုစောင်းမြောင်း မလိုသူတွေ အကြောင်းလည်း
က မှ အ လေ ငါသိနေလည်း ငါကိုယ် ငါမပိုင် ခရစ်တော်သာ ပိုင်ခြေလေတော့
သခင့်ဘုန်း မဟာ ထွန်းတင့်ပါစေရေး ဖွင့်ကာမပြော တိတ်ဆိတ်စွာ
ဘဝကိုနွဲလျှက် ငါရှေ့ဆက်၍ ခံစားချက်ကို ငါသိမ့်မျို၍
ကြားသည့် နားအား ပိတ်၍ထားသည် အမှန်ဆိုရ ပြုလေသမျှ
အဓိက က သည်းခံ ရင်ဆိုင် လှမ်းရသည်က ဘဝပန်းတိုင် ॥ ॥



------------------------------------------------------------

## သခင်နဲ့ကျမ Lahpai နန်ကိုင်

ငယ်စဉ်ကတည်းက သခင်က ကျမရဲ့ နှလုံးသားမှာ နေရာယူခဲ့ပါတယ်။ ဒါပေမဲ့ ကျမက သခင်ကို နေရာမပေးပဲ စာတန်ကို အခမဲ့နဲ့ လှူလိုက်တယ်။ စာတန်ကို ကျမ နှလုံးသား အခမဲ့ ပေးလိုက်တော့ စာတန်ဆီက ပြန်ရတဲ့ ကျေးဇူးဟာ ဘဝအတွက် အမှတ်တရပါ။ စာတန်ပေးတဲ့ ကျေးဇူးတွေကြောင့် ကျမရဲ့ အသက် ၁၅နှစ်နဲ့ ၂၁နှစ်ကြားမှာ ဘဝကို ဖောက်ထိုး လမ်းလျှောက်လိုက် ရတယ်။ စာတန်နဲ့ မိတ်ဖွဲ့ ရတာပျော်သလိုနဲ့ တကယ်တော့ ရှောက်သီးစားရတာ ထက်တောင် ချဉ်ပြီး ခါးနေတယ်။ စာတန်ရဲ့ လှည့်ကွက်ကြောင့် ကျမရူးခဲ့ ရသလို ခရစ်တော်နဲ့လည်း ရန်တိုက်ပေးပြီး မတောင်းဖူးတဲ့ ဆုတွေ တောင်းလိုက်ရတယ်။ စာတန်က အံ့ဩဖို့ ကောင်းသလို ကြောက်ဖို့လည်း သိပ် ကောင်းပါတယ်။ ကျမ မတောင်းဖူးပဲ တောင်းခဲ့တဲ့ ဆုတွေက မြင်နေရတဲ့ မျက်လုံးတွေ ပြန် မမြင်နိုင်ဖို့၊ ကြားတတ်တဲ့နားလည်း မကြားစေဖို့၊ စကားပြောတတ်တဲ့ ပါးစပ်ကလည်း စကား မပြောတတ်ပဲ အ သွားစေဖို့၊ ရှင်သန်နေတဲ့ ဘဝဟာလည်း သေဆုံးသွားစေဖို့ စာတန်ရဲ့ မာယာတွေနဲ့ ဘုရားသခင်ထံ အကြိမ်ကြိမ် ဆုတောင်းခဲ့ မိပါတယ်။ ဒါပေမဲ့ ဘုရားသခင်က ကျွန်မကို ချစ်တော့ မကောင်းတဲ့ ဆုတွေ သူ မပေးပါဘူး။ ဒီအရာတွေ အားလုံးဟာ စာတန်နဲ့ မိတ်ဖွဲ့စဉ်က စာတန်ပေးတဲ့ လက်ဆောင်တွေပါ။ ဒီလိုနဲ့ ၂၀၁၁ ရောက်တော့ စာတန် ကလည်း ဘုရားသခင် လက်ထဲကနေ ကျမကို လုယူ နေရတာဆိုတော့ မောနေပြီနဲ့ တူပါတယ်။ စာတန်မော၍ အပျင်းကြောထူ နေစဉ်တုန်း ခဏမှာ ဘုရားသခင်က အခွင့် ကောင်း ပေးကာ ကျမကို စင်္ကာပူသို့ ပို့ဆောင်လိုက်ပါတယ်။ စင်္ကာပူမှာ ကျမနဲ့ အတူ ကျမကို ကယ်တင်ခဲ့တဲ့ ကယ်တင်ရှင် ခရစ်တော်ပဲ ပါလာတယ်။ စာတန်ကြီးက လေယာဉ်ခ ဈေးကြီးလို့နဲ့ တူပါတယ် ကျမနောက် မလိုက်တော့ပဲ မြန်မာပြည်ကြီးမှာ ကျန်ခဲ့တယ် ထင်ပါရဲ့။ အရင် စာတန်ကို အခမဲ့ အုပ်ချုပ်ခွင့် ပေးထားတဲ့ ကျမရဲ့ နှလုံးသား ကို အခု တော့ ဘုရားသခင်ကို အပြီးအပိုင် ဘဝဆုံးသည့်တိုင် အုပ်ချုပ်ခွင့် ပေးလိုက်ပါပြီ။ ဒါပေမဲ့ စာတန်လို အခမဲ့တော့ မဟုတ်ဘူး။ ဘုရားသခင်က သူ့ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ကယ်တင် ပေးလိုက် တာပါ။ အခုဆိုရင် ကျမရဲ့ မျက်စိက သခင့် အတွက် မျက်စိ၊ ကျမရဲ့ နားလည်း သခင့်အတွက် နား၊ ကျမ ပြောမယ့်စကားဟာ သခင့်ရဲ့ စကား၊ ကျမရဲ့ ရှင်သန်ခြင်းလည်း သခင့် အတွက် ရှင်သန် ခြင်းပါ။ ကျမရဲ့ ကိုယ်ခန္ဓာ သခင့်စေရာ သွားဖို့ရာ။ သခင်ပြောတဲ့ စကား နားနဲ့ကြားကာ နှလုံးထဲသွင်းပြီး ဒီအသက်တာ ခရီးကို သခင်နဲ့ပဲအတူ လျှောက် လှမ်းတော့မည်ဖြစ်၍ အရင် စာတန်နဲ့ ဘာမှမဆိုင်သောကြောင့် သခင့်စကား စာစောင်မှာ သက်သေ ခံရင်းနဲ့ မိတ်ဆွေတို့လည်း ကျမလို စာတန်ကို နှလုံးသား အခမဲ့ မလှူပါနှင့် ငွေကြေး နဲ့လည်း မလဲလိုက်ပါနင့်။ သင့်နှလုံးသားကို သခင့်ရဲ့ မေတ္တာရေ သွန်းလောင်းဖို့ပဲ ကြိုးစားကြပါစို့လို့ ခွန်အား ပေးရင်းနဲ့ သက်သေခံခြင်းဖြစ်ပါတယ်။ ॥

------------------------------------------------------------

## မျက်ရည်များ ကင်းဝေးပါစေ နီဆူးရာ

ကိုယ်၌ရှိသောအလင်းကို မှောင်မိုက်မဖြစ်စေခြင်းငှာသတိပြုလော့။ လုကာ ၁၁း၃၅

" Happy new year စိုးစိုး" ကိုလတ် ကမ်းလာသော လက်ဆောင်ထုပ် နှင့် new year wish ကို မထီမဲ့မြင်ပုံလုပ်ကာ စိုးစိုး မျက်နှာကို အစွမ်းကုန် တင်းထား လိုက်မိသည်။ "စိုးစိုး နင် စိတ်ဆိုးနေတုန်းလား" "နှစ်သစ် ရောက်နေပြီ ဟ နင် ကလည်း မနှစ်က အရာတွေကို ထားခဲ့ တော့လေ ကိုယ်တော် မကြိုက်ဘူးဟ"

"နင် ဘာမှ အခုမှ ပြေရာပြေကြောင်းတွေ လာပြောမနေနဲ့ ၂၄ ရက်နေ့ညက နင် လုပ်သွားတာ ငါ့မှာ အရှက်တွေလည်း ကွဲ တစ်လလုံး ကြိုးစား ပန်းစား ကျင့်ထားတဲ့ အက တွေလည်း ဒီနှစ် x'mas မှာ မကလိုက်ရ.. တကယ်စိတ်တိုတယ် သိလား"

ဟုတ်ပါသည်။ ၂၄ရက်နေ့ညက စိုးစိုး တစ်ယောက် ကိုလတ်ကို အမျှော်ကြီး မျှော်ကာ မျက်ရည်များပင် လည်ကာ ချုံးပွဲ ချငိုခဲ့ရသည်အထိပင်။ ဒီနှစ် x'mas မှာ စိုးစိုး တို့ လူငယ်တွေ ကရင် အက ကဖို့ စီစဉ်ဖြစ်ကြသည်။ ကရင် အက က တော်တော် ခက်တော့ စိုးစိုးတို့တွေ နေ့မနား ညမနား ရှူရှူလေး ခုန်တတ်ဖို့ ကိုပင် အတော်ကြိုးစားခဲ့ရသည်။ စိုးစိုး တို့ စုစုပေါင်း ၁၂ ယောက်။ ၆ တွဲ ကရမှာဖြစ်ပြီး ကိုလတ်နှင့်စိုးစိုးက တစ်တွဲဖြစ်သည်။ ဒါပေမဲ့ တကယ် က မည့် ၂၄ရက်နေ့ညမှာ ကိုလတ် တစ်ယောက်ပေါ်မလာခဲ့။ နောက်ဆုံး မိနစ်မှာ ကိုလတ် က " ငါမလာနိုင်တော့ဘူး" ဟု ဖုန်းဆက်လာရာ စိုးစိုး တစ်ယောက် အကြောင်း အရာကိုပင် မမေးနေတော့ဘဲ ဖုန်းခွက်ကို စိတ်ဆိုးမာန်ဆိုးဖြင့် ပစ်ချလိုက်ပြီး ခရစ်တော်မွေးနေ့ကို မျက်ရည်ရွှဲနှင့် ကြိုခဲ့ရသည်။ ပြီးတော့ ကိုလတ်ကို စိုးစိုး စကား မပြောချင်တော့ မခေါ်တော့။ "ကြီးမေ သွေးတိုးနေတယ်ဆို အခုရော ကောင်းသွားပြီလား" "ကောင်းသွားလို့ လာနိုင်တာပေ့ါအေ..တော်ကြာ ညည်းအဖေ ငါ့မောင်တော်က x'mas တုန်းက လည်းမလာ new year လည်းမလာ ဆိုပြီးပြောမှာ စိုးရိမ်ရသေးတယ်လေ"


"မပြောပါဘူး ကြီးမေရဲ့.. အဖေက ပြောပါတယ် ကြီးမေ နေမကောင်းလို့ ဖြစ်မယ်တဲ့။ ဒါနဲ့ ကြီးမေ x'mas တုန်းက ဘာလို့မလာနိုင်တာလဲ" "ငါလာတယ် မိစိုးရဲ့ . ၂၄ရက်ညနေက ငါ တစ်ယောက်တည်း ထွက်လာတာ.. နင့်ဦးလေးနဲ့ မမခိုင် က ၂၅ရက်နေ့ မနက်စောစော ကျမှ လာမယ်ဆိုတာနဲ့.. ငါလည်း ထွက်လာတာ..လမ်းကျမှလေ သွေး ရုတ်တရက် တိုးပြီး မူးလဲ မလို ဖြစ်တာ.. ကောင်လေးတစ်ယောက် အကူအညီနဲ့ ဆေးခန်းအရောက် မြန်ပေ လို့.. နို့မို့ ဆို Happy တောင် new year နိုင်မယ်မထင်ဘူး ဟေ့""ဒါဆို လည်း ကြီးမေရယ် ဖုန်းလေး ဘာလေးတော့ ဆက်ပေါ့ စိုး လာကြည့်မှာပေါ့" "တော်ပါ မိစိုးရယ် ဒီ ရာသီဆို ညည်းတို့ တစ်အိမ်လုံးက ကောက်သင်းကောက်သလို လိုက်ကောက်နိုင်မှ ရမဲ့ဟာကိုများ.." ကြီးမေ ပြောတာလည်း မှန်ပါတယ်လေ.. x'mas နဲ့ new year ဆို စိုးစိုး တို့တစ်အိမ်လုံး မအားကြ..မေမေက အမျိုးသမီး၊ ဖေဖေက အမျိုးသား၊ စိုးစိုး ကလူငယ်၊ မောင်လေးက ဂျူနီယာ ကိုယ့်ကဏ္ဍနဲ့ကိုယ် ဘုရားကျောင်းအတွက် ပါဝင်ရင်း.. ကိုယ့်အိမ်အတွက်ပါ အလုပ်က ရှုပ်ရသေးသည်။ ကြီးမေသည် ဖေဖေ့ အစ်မ အကြီးဆုံးဖြစ်ပြီး စိုးစိုး အချစ်ရဆုံး လည်းဖြစ်သည်။ ကြီးမေကို စိုးစိုး ချစ်ရသောအကြောင်းရင်းမှာ.. ဖေဖေ့ အပေါ် နားလည်မှု တွေ အများကြီးပေးထားသောကြောင့်ပင်။

ဖေဖေသည် မယုံကြည်သူ မိသားစုမှဖြစ်ပြီး စိုးစိုး တော်တော်လေး အရွယ် ရောက်ခါမှ ယုံကြည်သူ ဖြစ်လာခြင်း ဖြစ်သည်။ ဖေဖေ ့အမေလို ဖြစ်နေသော ကြီးမေက လိုလိုလားလားပင် ခွင့်ပြုပြီး စိုးစိုးတို့မိသားစုနှင့် x'mas တိုင်းမှာ ပါဝင်သည်။ ဒါပေမဲ့ သူ ကိုယ်တိုင်တော့ ယုံကြည်သူ မဟုတ်သေးပေ။ ပြောင်းလဲလာမည် မဟုတ်ဟုလည်း စိုးစိုး တို ့က လက်ခံထားသည်။ "မောင်ကိုလတ်... ဟေ ့မောင်ကိုလတ်" ကြီးမေ အော်ခေါ် နေရာကို စိုးစိုး လှမ်းကြည့်မိတော့ .. sunday school ကလေး တစ်သိုက်နှင့် ဖြတ်သွားသော ကိုလတ် ကိုတွေ့ရသည်။ "ကြီးမေ က ကိုလတ် ကို သိလို့လား" စိုးစိုး မေးတော့ ကြီးမေ က"သိတာပေါ့ .. သိဆို ဟို ၂၄ ရက်နေ့က ကြီးမေ ကို ဆေးခန်းလိုက် ပို့ပေးတာ အဲဒီ သူငယ်ဘဲ မိစိုး ရဲ ့.." ကိုလတ်...က ....ကြီးမေ...ကို!! " အံ့သြမှု များနဲ့ .. စိုးစိုး အရာရာ ကို သဘောပေါက်လိုက်ပါပြီ "နေလို ့ကောင်းသွားပြီလား အန်တီ.." ကိုလတ် အနား ရောက်လာသည် ့တိုင် စိုးစိုး တစ်ယောက် ဘာပြန်ပြောရမှန်းမသိ။ "အေး .. ကောင်းပြီလို့တော့ ထင်ရတာဘဲ.. ဒီရောဂါ ဆိုတာမျိုးကလည်း ဆင်ခြင် နိုင်မှပါကွယ်... ဒါနဲ့ မောင်ကိုလတ်က ဒီဘုရားကျောင်းကဘဲလား... ဒီမှာလေ အန်တီ့ တူမ စိုးစိုးသော် တဲ့.. အဲဒီနေ့ ကလည်း သူတို့ ဆီ x'mas လာရင်းဖြစ်တာလေ.." "ဟုတ်ကဲ့ အန်တီ..စိုးစိုး က ကျွန်တော့် သူငယ်ချင်းပါ.. ကျွန်တော်က ဒီ ဘုရားကျောင်းရောက်တာ သိပ်မကြာ သေးတော့ အန်တီကိုတော့ စိုးစိုး အဒေါ်မှန်း မသိဘူး ဆောရီးနော် အန်တီ.." "ရပါတယ်ကွယ်... အော်ဒါနဲ့ မောင်ကိုလတ်ရေ မင်းအားရင် အန်တီ့ ကို ဟိုပုံပြင်လေး ဆက်ပြောပြဦးနော်.." "ဘာ ပုံပြင်လဲဟင် ကြီးမေ..!" စိုးစိုး က အထူးတဆန်းနဲ့ စိတ်ဝင်တစား မေးမိတော့ "x'mas ပုံပြင်လေ...x'mas ပုံပြင်.. ညည်းအေ..ငါ့ကို တစ်နှစ် တစ်နှစ် စင်ပေါ် တက်ပြီးသာ အမျိုးမျိုး ကပြနေတာ ဒီ x'mas ပုံပြင်ကျတော့ တစ်ခါမှ ဂဃနဏ ကိုရှင်းမပြဖူးဘူး ..မောင်ကိုလတ် ကမှ ဟုတ်သေးတယ်..." ကြီးမေ စကားအဆုံးမှာတော့... စိုးစိုး တစ်ယောက် ဘာမှ ပြန်မပြောနိုင်အောင်ပင် ရှက်ရွံ့နေမိပါတော့တယ်....ပြီးတော့ စိုးစိုး ငိုမိသည်။ x'mas ညက ရှက်လို့ ငိုတာနဲ့ new year မှာရှက်လို့ ငိုတာဟာ.. စိုးစိုး အတွက်တော့ .. ရှက်တာခြင်းတူပေမဲ့ အဓိပ္ပါယ်တော့ ကွဲပါတယ်လေ..။ **နီဆူးရာ**

ပျော်ရွှင်စရာ နှစ်သစ်မှာ.. ရှက်စရာမျက်ရည်များ..ကင်းဝေးပါစေ။ ယောဟန်- ၃း၁၆

--------------------------------------------------------------

## ဥပဇ္ဈာယ်ဆရာ MASTER *စောစံအောင်*



သင်တို့မူကား အရှင်ဘုရားဟု ခေါ်ဝေါ်ခြင်းကို မခံကြနှင့်။ ခရစ်တော်တည်း ဟူသော သင်တို့ ဥပဇ္ဈာယ်ဆရာ တစ်ပါးတည်း ရှိ၏။ သင်တို့ အပေါင်းသည် ညီအစ်ကိုချင်း ဖြစ်ကြ၏ (မဿဲ ၂၃း ၈)။ အထက်ပါ မဿဲ ၂၃၌ ခရစ်တော်က ဗိမာန်တော်အတွင်းရှိ မိမိ တပည့်တော်များနှင့် ပရိတ်သတ်တို့အား ဘာသာရေး ခေါင်းဆောင် ဖါရိရှဲနှင့် ကျမ်းတတ် ဆရာတို့၏ လူရှေ့၌ကောင်းဟန် လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ ဆန့်ကျင် ပြောဆိုကာ သတိပေးထား ပါသည်။ သူတို့သည် မောရှေထိုင်ရာအရပ်(ပညတ်တရား သင်ပေးသူနေရာ)၌ ထိုင်ကာ ဆရာလုပ်ကြရာ သူတို့သင်ပေးချက် ကောင်းသော်လည်း ကိုယ်တိုင် ကျင့်ဆောင်ခြင်းမရှိ၊ လူ့ချီးမွမ်း ခံလိုကြသူများဖြစ်ကြောင်း၊ သူတို့အား လျို့ဝှက် သောသူ၊ ဖြောင့်မတ်ဟန်ဆောင်သူ၊ လူကန်းဖြစ်၍ အမင်္ဂလာရှိကြောင်း ပြောဆို ထားပါ သည်။ ယုဒ တရားဇရပ်ဆရာများကို "ရဗ္ဗိ" Rabbi ဟု ခေါ်ဆိုလေ့ ရှိပါသည်။ အဓိပ္ပါယ် မှာ "ဆရာ" ဖြစ်သည်။ "ဥပဇ္ဈာယ်ဆရာ" ဆိုသည်မှာ သင်ကြားပေးသူ/ နည်းပြဆရာ/ စာချဆရာ ဖြစ်သည်။ ဘုရားအကြောင်း မှန်ကန်စွာ နားလည်ဖို့ရန် နည်းလမ်းကို သေချာ စွာ သိသူ၏ သင်ကြားပို့ချမှုကိုခံယူရန် လိုအပ်ပါသည်။ ဤနေရာ၌ ယေရှုမိန့်မှာဆိုထားရခြင်းမှာ ဆရာအခေါ် ခံလိုခြင်း၊ မိမိဂုဏ် အသရေကိုရလိုခြင်း မပြုရန်ဟုနားလည်ရပါသည်။ ဆရာမပြ နည်းမကျဆိုဘိသကဲ့သို့ ကျွန်ုပ်တို့ အယောက်စီတိုင်းကို လမ်းမှန် ပြပေးနိုင်သည့် ဆရာ လိုပါသည်။ သို့သော် ကျွန်ုပ်တို့၏ အဓိက အကျဆုံးသော ဆရာမှာ ဘုရားသခင် ပင်ဖြစ်သည်။ အချို့ ကလည်း ဥပဇ္ဈာယ်ဆရာမှာ ဘုရားသခင်ဖြစ်၍ ဘုရားဖွင့်ပြမှုသည် သာ အရေး ကြီးဆုံးဖြစ်သည်၊ ကျမ်းစာကျောင်းတက်ရန်မလို၊ မိမိကိုယ်တိုင် ဝိညာဉ်တော် ဖွင့်ပြခံရခြင်းသာ အရေးကြီးသည်ဟု ထင်တတ်ကြသည်။ ထိုသို့ တဖက်စွန်း မဖြစ်သင့်ပါ။ (စာရေးသူ ကိုယ်တိုင် ကျမ်းစာကို နှစ်ပေါင်းများစွာ လေ့လာခဲ့ရာ ယနေ့တိုင် လေ့လာ နေဆဲပင်) အဲသရောပိ အမတ်သည် ပညာတတ်ဖြစ်၏။ သူသည် ဟေရှာယကျမ်းကို ဖတ်သော်လည်း ဆိုလိုချက်ကို နည်းမလည်ပါ၊ ဖိလိပ္ပု၏ ရှင်းပြချက်ကို ခံယူခြင်းဖြင့်သာ ကျမ်းစာ ဆိုလိုချက်ကို မှန်ကန်စွာနားလည်လာပါသည်။ ကျွန်ုပ်တို့ယုံကြည်သူတိုင်း၌ ဝိညာဉ်တော် မွေးဖွါးခံရပြီး သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာ၏ ဆုံးမ သွန်သင်မှုခံယူထိုက်ပါသည်။ သို့သော် ကျွန်ုပ်တို့၏အဓိက ဥပဇ္ဈာယ်ဆရာမှာ ဘုရားသခင် ဖြစ်ကြောင်း အမြဲသတိပြုရပါမည်။ လူသားဆရာများသည် မှားတတ်သည်။ မှားသည်/ မမှားသည်ကို စစ်ဆေးသတိပြုရမည်။ မှားသောဆရာတို့သည် လူအများကြိုက် သည့် အရာကို ပြောတတ်၏။ မှန်သောပရောဖက်မှာမူ ဘုရား သခင်က ပြောစေလိုသော စကားကိုသာ ပြော၏။ ယေရှုဘုရား သည် ဘုရားပြောခိုင်းသည့်အရာကို အတည့်အလင်းပြောခဲ့၏။ လူ့မျက်နာကို မထောက်ပါ။ ယနေ့ဝိညာဉ်တော်ဘုရားသည် ကျွန်ုပ်တို့အား သမ္မာတရား အလုံးစုံကို အကြွင်းမဲ့ သွန်သင်ပေးသော ဥပဇ္ဈာယ်ဆရာဖြစ်၏ (ယော၊ ၁၆း၁၃-၁၄)။ အိုအဖ သမ္မာကျမ်းစာကို ဖတ်ရှုသည့်အခါ မှန်ကန်စွာ နားလည်တတ်ရန် သွန်သင်လမ်းပြတော်မူပါ (အာမင်)။ ။ **စောစံအောင်**

--------------------------------------------------------------

## သက်သေခံချက် *မီးမီး ( လှည်းဆိပ် )*

ရှေးဦးစွာဖြင့် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မတို့ ကိုးကွယ် ယုံကြည်တဲ့ ဘုရားဟာ အသက်ရှင်တဲ့ ဘုရားဖြစ်ကြောင်း သက်သေခံပြီး ဝေငှချင်ပါတယ်။ ကျွန်မရဲ့ အပါးနဲ့ အမိုးစကားကို နားထောင်ပြီး စင်္ကာပူနိုင်ငံမှာ ၁၀ နှစ်ကျော် ကာလ အထိ ကောင်းမွန်စွာဖြင့် အလုပ်လုပ်နိုင်ခဲ့ ပါတယ်။ ကျွန်မရဲ့ အိမ်ရှင် မိသားစုကလည်း ကျွန်မကို အစစအရာရာ ကူညီပေးခဲ့တယ်။ သူတို့ရဲ့ မိသားစုဝင် အဖြစ် နေထိုင်ခွင့် ရတဲ့ အတွက် အဖဘုရားသခင်ကို ကျေးဇူးတင်မိပါတယ်။ ကျွန်မရဲ့ ဖခင် မိခင် ဆုံးမသွန်သင်မှု အောက်မှာ ကျွန်မရဲ့ အသက်တာကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့တယ် ။ ကျွန်မ ဘာပဲလုပ်လုပ် အပါးနဲ့ အမိုးကို အရင်ဦးဆုံး တိုင်ပင်လေ့ရှိတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်မဘဝမှာ မိဘကို ဦးစားပေး တိုင်ပင်ခြင်း မရှိပဲ ကိုယ့်စိတ် ကိုယ့်သဘောနဲ့ လုပ်ဆောင်ခဲ့တဲ့ အတွက် ဆုံးရှုံးမှုတွေ ကျွန်မ ရင်ဆိုင်ခဲ့ ရတယ်။ အဲဒီလို သင်ခန်းစာတွေ ရရှိခဲ့တဲ့ အတွက် ကျွန်မကို ကျွန်မနောက်ထပ် မမှားဖို့၊ ဆင်ခြင်နိုင်ဖို့ ဘုရားရှင်ဟာ ကျွန်မကို လမ်းပြပေးခဲ့ ပါတယ်။ ကျွန်မရဲ့ မောင်လေးနဲ့ ညီမလေးကို စင်္ကာပူနိုင်ငံခေါ်ပြီး အလုပ် လုပ်ဖို့ အတွက် အပါးနဲ့ အမိုးကို တိုင်ပင်ပါတယ် ကျွန်မရဲ့ အစီအစဉ်က မောင်လေး ကိုဘဲ အရင်ခေါ်မယ်။ ပြီးရင် ညီမလေးကို ခေါ်မယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့ လစာ အနေအထားနဲ့ စင်္ကာပူနိုင်ငံက ကုန်ဈေးနှုန်းရယ် နေစရိတ်၊ စားစရိတ် နှင့် အထွေထွေ စရိတ်ကို ကျွန်မ အကြမ်းဖျင်း တွက်ကြည့် လိုက်တော့ နှစ်ယောက်ခေါ်လို့ မဖြစ်နိုင်ဘူးလို့ မိုးမိုးကို ပြောပြပါတယ်။ အပါးနဲ့ အမိုးက သမီး တကယ်ဘဲ ယုံကြည်ခြင်းနဲ့ ဆုတောင်း ဆက်ကပ်ကြည့်ပါ။ သမီးမဖြစ်နိုင် မတတ်နိုင်တာတွေကို အစမှ အဆုံးတိုင် အောင်မြင်နိုင်ဖို့ ဘုရားရှင်သည် ပြင်ဆင်ပေးလိမ့်မယ်လို့ အပါးနဲ့ အမိုးက အားပေးနှစ်သိမ့်ပေးပါတယ်။ ကျွန်မလည်း မိဘရဲ့ အားပေးမှုကြောင့် ကျွန်မရဲ့ လုပ်ဆောင်ချက် အောင်မြင်ဖို့ ဘုရားရှင်ထံမှာ ဆုတောင်းဆက်ကပ် အပ်နှံခဲ့ပါတယ်။ တကယ်ဘဲ လူ့အနေနဲ့ တွေးကြည့် မယ်ဆိုရင် ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့ ရာထူးက သူများတွေလို စင်္ကာပူနိုင်ငံမှာ နိုင်ငံသား ဝင်ထားတာလဲမဟုတ်ဘူး။ S'pass လည်းမဟုတ် ရိုးရိုးသာမန် အိမ်ဖော် လစာလေးနဲ့ ကျွန်မရဲ့ မောင်တွေ ညီမတွေကို visit နဲ့ခေါ်ပြီး အလုပ်ရှာခိုင်းမယ်။ စင်္ကာပူမှာ အနဲဆုံး ၂ လ (သို့ ) ၃လ stay နဲ့နေမယ်။ ကျွန်မရဲ့ အစီအစဉ်ကို သူငယ်ချင်းတွေကို ပြောပြတော့ တချို့က အားပေးတယ်၊ တချို့က ဟားတိုက်ရယ်ကြတယ်။ ကျွန်မကို stress များလို့ ရူးသွားပြီးလို့ ပြောမှာ ကျိန်းသေတယ်။ ကျွန်မ စိတ်ကူးအကောင် အထည်ဖော်ဖို့ ဘုရားရှင်ထံမှာ ဆက်ကပ်အပ်နှံ ဆုတောင်းခဲ့ပါတယ်။ ကျွန်မရဲ့ မောင်လေးနဲ့ ညီမလေးကို တပြိုင်တည်း ခေါ်နိုင်ဖို့ရယ် သူတို့အတွက် နေထိုင်ဖို့ အိမ်ကို ဘုရားရှင် ပြင်ဆင်ပေးဖို့ လိုအပ်တဲ့ ငွေကြေးမှ အစ ကျွန်မရဲ့ လုပ်ဆောင်ချက် အစမှ အဆုံး ကိုယ်တော် အတူရှိပြီး လမ်းပြ မစတော်မူပါလို့ ဆုတောင်းဆက်ကပ်ခဲ့ပါတယ်။ ဘုရားရှင် တကယ်ပဲ ကောင်းမြတ်ပါတယ်။ ကျွန်မရဲ့ ဆုတောင်းသံကို တကယ်ဘဲ နားညောင်းခဲ့ပါတယ်။ ကျွန်မရဲ့ လုပ်ဆောင်မဲ့ အစီအစဉ် အစမှ အဆုံးတိုင်အောင် အောင်မြင်စွာ လုပ်ဆောင်နိုင်ဖို့ ဆရာများနှင့် မိဘများကို ဆုတောင်းပေးပါလို့ ကျွန်မတောင်းဆိုခဲ့ပါတယ်။ ကျွန်မရဲ့ မောင်လေးနဲ့ ညီမလေးကို စင်္ကာပူရောက်လာဖို့ လုပ်ဆောင်ပေးခဲ့တဲ့ မောင်လေး ဂမ်းကွဲ တော်စပ်သူ မိသားစုကိုလည်း ကျေးဇူးတင်ပါတယ်။ နေထိုင်ဖို့ အတွက် ကူညီပေးတဲ့ ဆရာတို့ ဇနီးမောင်နှံ မိသားစုကိုလည်း ကျွန်မ ကျေးဇူးတင်ပါတယ်။ အဖက်ဖက်မှ ငွေအားဖြင့် သော်လည်းကောင်း၊ အလုပ်ကြိုးစားရှာဖွေ ပေးကြသော ညီအစ်ကို မောင်နှမများကိုလည်း ကျေးဇူးတင်ပါတယ်။ ကျေးဇူးတော်ကြောင့် ညီမလေးရဲ့ အလုပ်က S'pass ကို အောင်မြင်စွာနဲ့ ရရှိခဲ့ သလို မောင်လေးရဲ့ အလုပ်ကို W .P နဲ့ ရရှိခဲ့ပါတယ်။ ညီမလေး အလုပ် ရဖို့ က အေးဂျင့်ဖိုး များစွာ ကုန်ကျခဲ့သော်လည်း ဘုရားရှင်က ကျွန်မအတွက် ကောင်းမွန်စွာ ပြင်ဆင်ပေးပါတယ်။ ကျေးဇူးတော်ကြောင့် မောင်လေးအလုပ်က အေးဂျင့်ဖိုး မကုန်ကျဘဲ အောင်မြင်စွာ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဘုရားရှင်ဟာ တကယ်ပဲ ကောင်းမြတ်ပါတယ်။ ကျွန်မတို့ရဲ့ အသက်တာဟာ တကယ်လဲ ယုံကြည်ကိုးစားမှု အပြည့်နဲ့ လျှောက်လှမ်းမယ်ဆိုရင် အောင်မြင်သော အသက်တာကို လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ် ။

ချစ်သော မောင်နှမများကို ကျွန်မ အားပေးချင်ပါတယ်။ ကိုယ့်ကိုယ်ကို ဘယ်သော အခါမှ သိပ်ငယ်မှု၊ အားငယ်မှု မထားပါနဲ့။ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိပါ။ ကြိုးစားပါ။ ဘုရားရှင်ထံ ဆက်ကပ်အပ်နှံ ဆုတောင်းပါ။ ကျွန်မတို့ ကိုးကွယ် ယုံကြည်တဲ့ ဘုရားဟာ အသက်ရှင်တဲ့ ဘုရား၊ အစမ်းသပ်ခံတဲ့ ဘုရားဖြစ်တယ်။ ဒါကြောင့် ဘုရားရှင်ထံ အသက်တာကို

ဆက်ကပ် အပ်နှံပြီး ကိုးစားလိုက်လျှောက်မယ်ဆိုရင် အောင်မြင်သော အသက်တာကို ရရှိမှာ ဖြစ်ပါတယ်။ ကျွန်မရဲ့ သက်သေခံချက်ကို ဖတ်ရသော မောင်နှမ အယောက်စီတိုင်း ခွန်အား ရရှိလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ ဘုရားရှင်အပေါ် ကိုးစားယုံကြည်သော သားသမီး အယောက်စီတိုင်း အပေါ် ဘုရားရှင်၏ ကြွယ်ဝသော ကောင်းချီးမင်္ဂလာများ သက်ရောက်ပါစေသော် .. အာမင်။ ။ **မီးမီး ( လှည်းဆိပ် )**

...............................-----------------.......................

## လက်ကမ်းကြိုသူ၏မေတ္တာ *ဆာမာလီ (မိုးကုတ်)*

ယုံကြည်သူ အယောက်တိုင်း၏ နေ့စဉ် အသက်ရှင်ရာ၌ စိတ်ချမှု ရှိခြင်းသည် အလွန် အရေးကြီးကြောင်း ကိုယ်တိုင် ခံစားကြရပါသည်။ ခရီးတစ်ခုကို ပြုသောအခါ သွားမည့် နေရာ အတိအကျ သိရှိကြပါတယ်။ ပစ္စည်း တစ်ခု ဝယ်သော အခါ အရည်အသွေး ကောင်းစေလိုကြသည်။ ထို့ကြောင့် ထိုအရာများထက် နှိုင်းယှဉ်သာအောင် ပို၍ အရေးကြီးသော ဝိညာဉ် ကယ်တင်ခြင်း ကဲ့သို့သော အကြောင်းအရာ၌ စိတ်ချ သေချာမှုရှိစေချင်ကြသည်မှာ အံ့ဩစရာ မရှိပါ။ ခရစ်ယာန်များသည် အနာဂတ်နှင့် စပ်လျဉ်း၍ မသေချာ မရေရာ ရှိစရာ မလိုသောကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ခရစ်ယာန် ဘာသာ သည် ကျိန်းသေ စိတ်ချရသော ယုံကြည်ခြင်း ခိုင်လုံသော ထင်မြင် ယူဆချက် စစ်မှန်သော ယုံကြည်ချက်များဖြစ်သည်။ ကျွန်မဟာ ယုံကြည်သူ တစ်ယောက် ပါ။ ဒါပေမဲ့ အရင်တုန်းကတော့ လမ်းနှစ်ခွနဲ့ အသက်ရှင်ခဲ့ပါတယ်။ ကျွန်မရဲ့ ဂန်းကျင်က သူငယ်ချင်းတွေဟာ မယုံကြည်သူတွေပါ။ ကျွန်မ တစ်ယောက်တည်း ယုံကြည်သူဖြစ်နေတဲ့ အခါမှာ အရမ်းပဲ ရှက်သလို ခံစားခဲ့ရပါတယ်။ ဒါပေမဲ့ ဘုရားသခင်ဟာ အဲဒီ ဘဝက ကယ်တင်ခဲ့ပါတယ်။ ကျွန်မကို စင်္ကာပူမှာ တစ်နှစ်နီးပါးလောက် ကျန်းမာစွာ ကိုယ်တော် အလုပ်လုပ်ခွင့် ပေးပါတယ်။ ကျွန်မ စလာတုန်းက အရမ်းဘဲ စိတ်ညစ်ခဲ့ ရပါတယ်။ ကျမ်းစာ ဖတ်တဲ့ အခါမှာလည်းပဲ နှုတ်ကပတ်တော် တွေကို မတွေ့ရဘဲ ဘဝမှာ စိတ်နာကျည်းစရာ၊ စိတ်ညစ်စရာ သူတစ်ပါးကို စိတ်တိုအောင် စာတန်မာရ်နတ်ဟာ နောက်ယှက်တတ်ပါတယ်။ ဒါပေမဲ့ ကျွန်မဟာ ဘုရားသခင်ဆီ ဂန်ချတောင်းပန်ပြီး ဘုရားသခင်ဆီ ခိုဝင်လိုက်ပါတယ်။ ပြီးတော့ ကျမ်းစာပိုဒ် တစ်ပိုဒ်ကိုလည်း သတိရခဲ့ပါတယ်။ "အကြောင်းမူကား သေခြင်း ဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမာန်ဖြစ်စေ၊ အထွတ်အမြတ်ဖြစ်စေ၊ နောင်လာလတ္တံ့သော အရာဖြစ်စေ၊ အမြင့်ဖြစ်စေ အနိမ့်ဖြစ်စေ ဤအရာများမှ စ၍ အဘယ် နိမ္မိတ အရာမျှသည် ငါတို့ သခင်ယေရှုခရစ် အားဖြင့်ခံရသော ဘုရားသခင်၏ ချစ်ခြင်း မေတ္တာနှင့် ငါတို့ကို မကွာစေနိုင်ဟု ငါသည် သဘောကျလျှက်ရှိ၏ ။ "ရောမ ၈း ၃၈-၃၉ ကို ဖတ်လိုက်ရတဲ့ အခါမှာ အရမ်းဘဲ ခွန်အားရပါတယ်။ ယုံကြည်သူတိုင်းကို စာတန် ဟာ ပစ်မှတ်အဖြစ် ထားပြီး ဝါးမျိုဖို့ရန် ကြံစည်နေပါတယ်။ ကျမ်းစာအုပ်ကို ကိုင်လိုက်တဲ့ အခါမှာ သူတစ်ပါးကို မုန်းအောင် ခန္ဓာနွမ်းနယ်လာခြင်း၊ ခေါင်းကိုက်ခြင်း၊ အိပ်ငိုက်ခြင်းတွေ ဖြစ်အောင် စာတန်ဟာ နောက်ယှက်နေမှာပါ။ ဒါပေမဲ့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အားဖြင့် အနိုင်ယူပါ။ ဘုရားသခင်ဆီ ခိုဝင်လိုက်ပါ။ မိတ်ဆွေ သခင်ယေရှုဟာ ကျွန်မတို့ရဲ့ အကောင်းဆုံး မိတ်ဆွေပါ။ သူ့ကို လက်လွှတ်လိုက်ရင် လွဲမှားတဲ့ လမ်းပေါ်ရောက်သွားမှာပါ။ ငရဲမှာပဲ လမ်းဆုံးရမှာပါ။ သင်ဘာအမှားဘဲ လုပ်ခဲ့ လုပ်ခဲ့ ဘုရားသခင်ဆီ သခင်ယေရှု ဆီမှာ ပြန်လည်ခိုဝင်တဲ့အခါမှာလည်း သူဟာ သင့်ကို နွေးထွေးတဲ့ မေတ္တာ နဲ့အစဉ် လက်ကမ်း ကြိုနေသူပါ။ " ငါ့ကိုခေါ်လော့ ငါထူးမည် ကြီးသောအရာ သင်မသိနိုင်အောင် နက်နဲသော အရာတို့ကို ငါပြမည် " ယေရမိ ၃၃ း၃ ဟာ ခွန်အားရစရာပါ။ ဆုတောင်းခြင်းဖြင့် ဘုရားသခင်ကိုခေါ်ပါ။ ဘုရားသခင်ဟာ သင့်ကိုလမ်းပြပါလိမ့်မယ်။ ကျွန်မဟာ အရင် ကနဲ့ မတူဘဲ ခရစ်တော်ဆီ ခိုဝင်ချိန်က စပြီး ကျွန်မ ဘဝဟာ စိတ်ညစ်ချိန်၊ နာကျည်းချိန် ဆိုတာလည်း ပျောက်သွားခဲ့ပါတယ်။ ကျွန်မနဲ့ Block တူတဲ့ အစ်မ တစ်ယောက်ကို ခင်ခွင့်ရခဲ့ပါတယ်။ သူဟာ ခွင့်ရက်ရှိပြီး ဘုရားကျောင်း သွားရပါတယ်။ သူဟာ ကျွန်မ အတွက် ဘုရားပြင်ဆင်ပေးတဲ့ သူပါ ။ ကျွန်မကို သခင့်စကား စာစောင် တွေ The Purpose Driven Life စာအုပ်တွေ သက်သေခံ စာအုပ်တွေ ပေးပြီး လမ်းမှန်ပေါ်ရောက်အောင် ပို့ပေးခဲ့ပါတယ်။ ကျေးဇူးတော်ပါ။ ယုံကြည်သူတိုင်းရဲ့ အသက်တာဟာ ဘုရားသခင် မပါဘူး။ သန့်ရှင်းသော ဝိညာဉ်တော် လမ်းမပြဘူး ဆိုရင် လမ်းမှန်ပေါ် ရောက်ဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျွန်မတို့ဟာ အပြစ် ဘယ်လောက်ပဲ ပြုလုပ်ပြုလုပ် သခင်ခရစ်တော်ဟာ မေတ္တာ အပြည့်နှင့် သူ့ထံပြန်လာဖို့ အစဉ် လက်ကမ်းကြိုနေသူပါ။ ဘုရားသခင်ဟာ အပြစ်သားကို ဘယ်လောက်ထိ ချစ်သလဲဆိုရင် စာတန်မာရ်နတ်ရဲ့ လက်မရဏာ နိုင်ငံ တံခါးဝကနေ သားတော် သခင်ယေရှုရဲ့ အသွေးတော်အားဖြင့် ရွေးနှုတ်ခဲ့ပါတယ်။ သခင်ယေရှုဟာ ခွင့်လွှတ်ရှင်ပါ။ ကယ်တင်ခြင်း တရားကို ပေးနိုင်သူပါ။ မိတ်ဆွေ လမ်းနှစ်ခွ လျှောက်လှမ်းနေရင် မှားယွင်းတဲ့ လမ်းကို စွန့်လွှတ် လိုက်ပါ။ ကယ်တင်ခြင်း တရားကို ပေးနိုင်တဲ့ သခင်ယေရှုကို စိတ်နှလုံး နက်နဲသော နေရာကနေ ဖိတ်ခေါ်လိုက်ပါ။ ပဲ့ကိုင်သူ မောင်းနှင်သူ အဖြစ် ခန့်အပ်လိုက်ပါ။ သင့်ဘဝကို သခင်ယေရှုဟာ ပြုပြင်ပြောင်းလဲပြီး လမ်းမှန်ပေါ်ကို ရောက်အောင် မောင်းနှင်ပေးပါလိမ့်မယ်။ ယခုအချိန်ဟာ ကျွန်မတို့ရဲ့ နောက်ဆုံး အခွင့်အရေးပါ။ နောင်တ ရပြီး သခင်ယေရှုထံ ယုံကြည်ခြင်း အပြည့် အဝဖြင့် ခိုဝင်လိုက်ပါ။ ငရဲမှာ လမ်းဆုံးသွားတဲ့ အခါ နောက်ထပ် အခွင့်အရေး ဆိုတာ မရှိတော့ပါဘူး။ သင့်ယုံကြည်ခြင်းဖြင့် သခင်ယေရှုထံ ခိုဝင်လိုက်တဲ့ အခါမှာ သခင်ယေရှုဟာ သင်နှင့်အတူ နေ့စဉ်ရှိနေပါလိမ့်မည်။ သူနှင့်အတူ ထာဝရနိုင်ငံမှာ အတူရှိ ခေါ်ဆောင်ဖို့ရန် လမ်းပြပါလိမ့်မည်။ သခင်ယေရှုကို ယုံကြည်လော့ ယုံကြည်လျှင် သင်နှင့် သင်၏ အိမ်သားတို့ သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်တဲ့ " တမာန်တော် ၁၆ း ၃၁ စာတန်မာရ်ရဲ အတွက် နှလုံးတံခါးကို ဖွင့် မထားပါနှင့်။ ယေရှုခရစ်တော်ဟာ သင့်ကို ကယ်တင်ချင်ပါတယ်။ သင့်ကို သူနှင့်အတူ ခေါ်ဆောင်သွားချင်သူပါ။ သူ့အတွက် နှလုံးတံခါးကို ဖွင့်ပေးလိုက်ပါ မိတ်ဆွေ။ သခင်ယေရှုဟာ သန့်ရှင်းသူတွေကို ခေါ်ဆောင်ဖို့ရန် လာနေပါပြီ။ နောင်တ တရားနှင့် သူထံ ခိုဝင်လိုက်ပါ။ သင်ထမ်းပိုးထားတဲ့ ဝန်ထုပ်ကို ယေရှုထံ အပ်နှံလိုက်ပါ။ သူဟာ သင့်ရဲ့ ဝန်ထုပ်တွေကို ပေါ့စေ ပါလိမ့်မည် ။ **ဆာမာလီ**

..........................................................................................



## ကင်ဆာ *ဦးသန်းစိုး*

ကျွန်တော်တို့ မိသားစုမှာ အဖေ့ အသက်က ၇၅နှစ်၊ အမေ့ အသက်က ၇၇ရှိပါပြီ။ အမေက အာရုံကြော အားနည်းမှုကြောင့် မိသားစုမှလွဲပြီး ဘာကိုမှ မမှတ်မိပါ။ စကားလည်း မပြောတတ်၊ မပြောနိုင်တော့ပါ။ သို့သော် နာကျင်ခြင်း ဝေဒနာတော့ မရှိဘဲ၊ ပိန်ပေမဲ့ ဖျား နာခြင်းတော့ မရှိပါဘူး။ ထိုင်နိုင်ပါတယ်။ လိုအပ်သမျှကိုတော့ အိမ်သားများက စောင့် ရှောက် လုပ်ကိုင် ပေးရပါတယ်။ သို့သော် အမေက ဘာမျှမသိတော့ သူ့ဘဝမှာ အပူပင် ကင်း နေတာကိုလည်း မိသားစုက စဉ်းစားမိပြီး ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းရပါ တယ်။ ဖခင်ကတော့ ကျန်းမာရေးကို ဂရုစိုက်သူမို့ ကျန်းကျန်းမာမာဖြင့် သွားလာလုပ်ကိုင် နေတုန်းပါဘဲ။ ယခုတော့ ၅နှစ်ခန့် ရှိပါပြီ။ ၆လ တခါလောက် ညာခြေထောက် နာတတ်ပြီး ဆေးလိမ်းပြီး အနိပ်သည် ကောင်းကောင်းဖြင့် အကြောပြင်နိပ်ပြီးရင် ပြန်ကောင်းသွားလေ့ ရှိပါတယ်။

ယခု ဒီစာမရေးခင် နောက်ဆုံး တစ်ခေါက်မှာတော့ အဖေက ခြေထောက်ပြန်နာလာပြီး လမ်းမလျှောက်နိုင်ပါဘူး။ တစ်ရက်နှစ်ရက် စောင့်ကြည့် ဆေးလိမ်းပေမဲ့ မသက်သာဘဲ ပိုဆိုးလာပါတယ်။ အကြောနိပ်ဆရာထံ သွားပြပေမဲ့ မသက်သာပဲ ပိုဆိုးလာပါတယ်။ ဆရာဝန်ကို အိမ်သို့ပင့်၍ ကုသသော်လည်း မထူးခြားတာကြောင့် မိသားစုများ တိုင်ပင်ပြီး ဆေးရုံ တင်လိုက်ရပါတော့တယ်။ ဆေးရုံ ရောက်သည့်နှင့် လိုအပ်သည်များ စစ်ဆေးခြင်း၊ ဓာတ်မှန် ရိုက်စစ်ဆေးခြင်းဖြင့် ရောဂါရှာဖွေခြင်း ပြုလုပ်ပါတယ်။ တိုးတက်လာသော ဆေးပညာများအတွက်လည်း ထာဝရဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ နောက် တနေ့မှာတော့ ပေါင်ရင်းမှာ အရိုးအက်နေကြောင်း၊ ထိခိုက်မိတာ မဟုတ်သော်လည်း အသက်ကြီးတဲ့အခါ အဆင်မသင့်လို့ ဖြစ်သွားကြောင်း ပြောပါတယ်။ ပေါင်ရင်းကို ခွဲပြီး သံမဏိပြားဖြင့် ပြန်ဆက်ရမှာ ဖြစ်ပါတယ်။ မိသားစုလည်း ဆုတောင်းခြင်းဖြင့် ဆရာဝန်ထံ သဘောတူအပ်နှံခဲ့ပါတယ်။ ဆရာဝန်များလည်း လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ပြီး ခွဲစိတ် ကုသပါတယ်။ တချိန်တည်းမှာ ဆရာဝန်များက သံသယ ရှိတာကြောင့် အရိုး အစိတ်အပိုင်းငယ်ကို ဓာတ်ခွဲခန်းသို့ စစ်ဆေးရန် ပို့ခဲ့ပါတယ်။ ခွဲစိတ်ကုသပြီး ပေမဲ့ နေ့စဉ် နေ့နဲ့ည သူနာပြုက စောင့်ရှောက်ပေးနေရပြီး လမ်းလည်းလျှောက်လို့ မရပါ။ အထူးသဖြင့် နေ့စဉ် တချိန်ချိန်၌ မခံမရပ်နိုင်အောင် နာကျင်မှုခံစား ရတာကြောင့် အခြေအနေဆိုးပြီး အရမ်းနာလာတဲ့အခါမှာ ဆေးထိုးပြီး အိပ်ခိုင်းထားရပါတယ်။ ဆေးအရှိန်ကြောင့် မူးနေပြီး အိပ်ချင်သလိုဖြစ်ပြီး အစားသောက်လည်း ကောင်းကောင်းမစားနိုင်ပါဘူး။ မိသားစုများလည်း စိတ်မကောင်းကြပါ။ အသင်းတော်မှ မိတ်ဆွေများလည်း လာရောက်အားပေး ဆုတောင်းကြပါတယ်။ နောက်၃ရက် အကြာမှာ ဓာတ်ခွဲခန်းအဖြေက အရိုးကင်ဆာ ဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။ ကင်ဆာရောဂါကြောင့် မခံမရပ်နိုင်အောင် နာကျင်ခြင်းဖြစ်ကြောင်း ဆရာဝန်က ရှင်းပြပါတယ်။ မိသားစုများလည်း ဝမ်းနည်းမျက်ရည် ကျရပါတယ်။ ပိုဆိုးတာက ကင်ဆာရောဂါဖြစ်တဲ့ အတွက် ပျောက်အောင် ကုသပေးဘို့ ဆေးလည်း သေသေချာချာ မရှိတာကြောင့်၊ ယခုလိုဘဲ နာတဲ့အခါမှာ နာကျင်ခြင်း သက်သာအောင် ဆေးထိုးပေးပြီး ထိမ်းထား ရမှာဘဲလို့ သိရပါတယ်။ ဆေးရုံမှာလည်း ကြာလာပြီမို့ ကုန်ကျစရိတ်လည်း မနည်းပါဘူး။ ယခုလို ရေရှည်ကုသရမဲ့ အခြေအနေသို့ ရောက်ပြီမို့ များစွာ စဉ်းစားရပါတယ်။ ဆေးရုံမှာ နေ့စဉ် အခန်းခ၊ ဆရာဝန် အခ၊ သူနာပြု အခ၊ ဆေးဘိုး နေ့စဉ် နံနက် ည အစားအသောက်ပို့ ရတဲ့ အခက်အခဲများကြောင့်၊ အိမ်သို့ ပြန်ခေါ်ဖို့ စီစဉ်ရပါတော့တယ်။ မိသားစုများက အလွန်စိတ်ထိခိုက်၊ စိတ်ပူပင်ရပါတယ်။ ဘယ်လောက်ကြာကြာ နေ့စဉ် ဒီလို ဆေးထိုး ပေးရမလဲ။ အချိန်မရွေး နာလာရင် ဆေးထိုးပေးဖို့နှင့် စောင့်ရှောက်ရန် သူနာပြုလည်း အမြဲတမ်း ခေါ်ထားရမှာပါ။ ဆေးရုံမှာလောက် မကုန်ပေမဲ့လဲ နေ့စဉ် သူနာပြုစရိတ်၊ ဆေးဖိုးများနှင့် ပတ်သတ်၍ ရေရှည် ကုန်ကျခံနိုင်ဖို့လည်း မိသားစုမှာ သိပ်မတတ်နိုင်ပါဘူး။

ကုန်ကျငွေထက် ဖခင်၏ နေ့စဉ်ခံစားနေရတဲ့ ဝေဒနာကို မြင်တွေ့နေရပြီး များစွာ ဂမ်းနည်းရပါတယ်။ ဒီအချိန်မှာ မိသားစုနှင့် ရင်းနှီးတဲ့ ဓမ္မဆရာတဦး ရောက်လာပြီး ဆုတောင်းပေးပါတယ်။ မိသားစု အားလုံးကို ခေါ်ပြီး၊ ဆရာကိုယ်တိုင်လည်း မိသားစု၏ ခက်ခဲခြင်းနှင့် ဂမ်းနည်းခြင်းကို နားလည်ခံစားမိကြောင်းနှင့် ဆရာဂန်များရော မိသားစုများပါ ဘာမှ မတတ်နိုင်တဲ့ အချိန်မှာ အရာခပ်သိမ်းကို တတ်စွမ်းနိုင်တဲ့ ထာဝရဘုရားသခင် ရှိတယ် ဆိုတာကို မမေ့ပါနဲ့။ အားကိုးပါ။ မိမိတို့ တယောက်စီရဲ့ သိလျှက် လုပ်မိသောအပြစ်၊ မသိဘဲ လုပ်မိသောအပြစ်များကို ဘုရားသခင်ထံ ဂန်ချတောင်းပန်ပြီး ထာဂရ ဘုရားသခင်ထံ ယုံကြည်ခြင်းဖြင့် အားကိုးဆုတောင်းပါလို့ ပြောပြပြီး၊ ဆေးရုံခန်းမှာ အားလုံး အတူတကွ ဆုတောင်းပြီးနောက် ဖခင်ကို တွန်းလှည်းဖြင့် အိမ်သို့ ပြန်ခေါ်ခဲ့ပါတယ်။ မိသားစု ဆက်လက်ဆုတောင်းဖို့နှင့် ဆရာကိုယ်တိုင်လည်း သတိရ ဆုတောင်းပေးမယ် ဆိုတဲ့ အကြောင်း ပြောပြီးဆရာလည်း ပြန်သွားပါတယ်။ အံ့သြဖွယ်ဖြစ်ရပ်ကတော့ အဖေဟာ အိမ်ပြန်ရောက်ကတည်းက နာကျင်ခြင်း ဝေဒနာ လုံးဂ မရှိတော့ပါဘူး။ လမ်း မလျှောက်နိုင်တာက လွဲပြီး ကောင်းစွာ စားသောက်၊ တွန်းလှည်းကို ကိုယ်တိုင်လိမ့်ပြီး သွားလာ နိုင်ပါတယ်။ သူနာပြုများကလည်း သူတို့ဘာမှ မလုပ်ပေးရတဲ့အတွက် သူတို့ ပြန်တော့မှာ ဖြစ်ကြောင်းပြောလာပါတယ်။ လူနာကိုယ်တိုင်ရော၊ သူနာပြုများရော၊ မိသားစု များရော၊ မိတ်ဆွေများပါ အံ့သြနေကြပါတယ်။ နာကျင်လွန်းလို့ အော်နေရတာကို မျက်မြင် တွေ့ခဲ့ရပြီး မျက်ရည်ကျ စိတ်မကောင်းဖြစ်ခြင်းမှ ယခုအချိန်ပိုင်းအတွင်း ကျန်းမာလျက်၊ ပြုံးရွှင် လျက်၊ စားသောက်လျက် ကျေးဇူးတော် ချီးမွမ်းလျက် တွေ့မြင်ရတာဟာ ဆုတောင်း ခြင်းအတွက် ထာဂရဘုရားသခင်၏ တန်ခိုးနှင့် ကောင်းချီးမင်္ဂလာသာ ဖြစ်ကြောင်း အထူး ဖော်ပြ နေစရာ လိုမယ်မထင်ပါဘူး။ အဖေရဲ့ ထူးခြားစွာ၊ အံ့သြဖွယ် ခံစားရတဲ့ ဘုရားသခင် ထံမှ ဆုကျေးဇူးကို မြင်တွေ့ရတဲ့ ကျွန်တော်လည်း ဘုရားသခင်၏ ထူးမြတ်သော ဂုဏ်တော်ကို ချီးမွမ်းရင်း စာရွက်ပေါ်တွင် မှတ်တမ်းတင်ရေးလိုက်ပါတယ်။ လူတိုင်းရဲ့ ဘဂမှာ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အခက်အခဲများ ရှိနေကြစမြဲပါ။ တခါတရံမှာ အလွန် ပြင်းထန်လွန်းလို့ စိတ်ပျက် ဂမ်းနည်းရပါတယ်။ သို့သော် ခရစ်ယာန်များ အနေနှင့် အရာ ခပ်သိမ်းကို တတ်စွမ်းနိုင်သော ထာဂရဘုရားသခင်ကို သတိထားပါလျက် ယုံကြည် ခြင်း၊ မျှော်လင့်ခြင်း ကြီးစွာဖြင့် အားကိုးဆုတောင်းပါ။ ထာဂရဘုရားသခင် မတတ်နိုင်တာ ဘာမှမရှိပါဘူး။ ဘုရားသခင်သည် ဂရုဏာတော်ရှင် ဖြစ်ပြီး၊ သမ္မာကျမ်းစာထဲတွင်လည်း ဂတိတော် များကို ဖော်ပြထားပြီးမို့ ဆုတောင်းခြင်းဖြင့် လူ့ဘဂ၏ အခက်အခဲကို အောင်မြင်စွာ ကျော်လွှားနိုင်ကြပါစေကြောင်း သက်သေခံ ရေးသားလိုက်ရပါတယ်။


---

## God is good all the time *ဆာမီး ( ပြင်ဦးလွင် )*

စင်္ကာပူနိုင်ငံသို့ ဒုတိယအကြိမ် ရောက်ရှိလာတဲ့ ကျွန်မ သိပ်ကို အပျော်လွန်ပြီး ဘုရားကို မေ့နေတာပေါ့ .. ပထမအကြိမ် ရောက်ခဲ့တုန်းက အိမ်ရှင်နဲ့ အဆင်မပြေဘူး.. ဒါကြောင့် ကျွန်မ အသဲအသန် ဘုရားသခင်ကို ဆုတောင်းခဲ့တာပေါ့.. တနင်္လာနေ့ ညနေ တိုင်းမှာ အစာရှောင် ဆုတောင်းပြီး ဒီအိမ်ကြီးကနေ အဆင်ပြေတဲ့ အိမ်ရှင် ရဖို့ကိုပေါ့.. ဒီတော့ ဘုရားသခင်က သိပ်ကိုချစ်ဖို့ ကောင်းတာ .. ကျွန်မကို အင်မတန်မှ သဘော ကောင်းတဲ့ မိသားစုနဲ့ တွေ့ခွင့်ပေးတယ်လေ.. ခွင့် ၂ ရက် နှင့် တနင်္ဂနွေနေ့တိုင်း ဘုရား ကျောင်း တက်ခွင့်ပေးတယ်လေ.. ဒီတော့ ကျွန်မက လှောင်အိမ်ထဲက လွတ်လာတဲ့ ငှက် ကလေး ပမာ အပေးကို ပျံသန်းခဲ့တာပေါ့.. ပေးတာမှ သခင်နဲ့ တော်တော်ကို ပေးခဲ့တာ.. ဘုရားကျောင်း ကို တက်ဖို့ နေနေသာသာ ဘုရားကျောင်းဂန်းထဲမှာ သူငယ်ချင်းတွေနဲ့ ဝိုင်းဖွဲ့ ထိုင်ပြီးတော့တောင်မှ အတွင်းထဲ ဂင်ကြည့်ဖို့ကို တစ်ခါမှ စိတ်မကူးမိဘူး.. ဒီတော့ ကျွန်မကို သိပ်ချစ်ပြီး သူနဲ့ပေးသွားမှာကို အဆုံးရှုံးမခံနိုင်တဲ့ ဘုရားသခင်က ကျွန်မရဲ့ ဂိညာဉ်ကို ပြန်လည် ပြီးတော့ အလင်းတရားထဲမှာ ပြန်လျှောက်စေလိုတယ်လေ.. ဒါကြောင့် ကျွန်မကို ပြဿနာလေးတစ်ခုကို ပေးပြီး သူ့ဆီပြန်လာဖို့ အကြောင်းတရားလေး ပို့ပေးလာတာပေါ့ .. သူ့မှာတော့ ဒီပြဿနာအတွက် အဖြေတစ်ခါတည်း ရှိပြီးသားပါ.. ကျွန်မ အတွက်တော့ အကြီးမားဆုံး ပုစ္ဆာတစ်ပုဒ်လိုပါပဲ.. အရမ်းကို အခက်တွေ့တာပေါ့ .. ကျွန်မ work permit card လေးပျောက်မှ အမလေး "G" ဆိုပြီး အသဲအသန် အော်ဟစ်ရပြန်တယ် .. သမ္မာ ကျမ်းစာဖတ် ၊ နေ့စဉ်ခွန်အားဖတ် ခွန်အားယူတာပေါ့.. ၅ .၁၁.၁၁ မှာတဲ့ ခရစ်တော်ထံမှာ လာတဲ့ ငြိမ်သက်ခြင်း အကြောင်းပေါ့.. အို ! ဒီတခါမှာတော့ "G" ကိုယ်တော်ကို ပြစ်မှားပါပြီ ဆိုပြီး ဂန်ချ တောင်းပန်တယ် .. ဒီပြဿနာကို အဖြေပေးဖို့ လည်း ဆုတောင်းတယ်.. အခုတော့ အားလုံးထဲမှ "G" က အရေးကြီးဆုံးပါ.. သူရဲ့ ကောင်းမြတ်ခြင်းက မိသားစု ၊ အိမ်ရှင် သူဌေး၊ ကျောင်းသား/သူ ကိစ္စအဂဂမှာ ကိုယ်တော်က အမှန်တကယ်ကို ကောင်းမြတ် တယ် ဆိုတာကို လုကာ ၁၅ ။ ၁၁ -၃၂ တွင် ပါရှိသော ပျောက်သော သား အကြောင်းအရာလေးက သက်သေပင်ဖြစ်သည်.. ထို့ကြောင့် သိုးမဲ ဘဂကို ကျွန်မကဲ့သို့ တရွေ့ရွေ့ သွားနေကြတဲ့ သူငယ်ချင်း ၊ မိတ်ဆွေမှားနှင့် ပျောက်သောသားများကို သခင် ့ထံ ပြန်လှမ်းလာဖို့နှင့် **God's good all the time** လို့ ဓမ္မ မိတ်ဆွေများ အားလုံး ကြော်ငြာ ဝေငှနိုင်ပါစေလို့ ဆုတောင်းရင်း..။ ။ **ဆာမီး ( ပြင်ဦးလွင် )**

## ဆရာကြီးများ *မင်းအောင်သက်လွင်*

အမေရိကန်နိုင်ငံ အသင်းတော်တစ်ခုက သင်းအုပ် ဆရာကြီး တီဗီအစီအစဉ် တစ်ခုမှာ ပြောသွားတဲ့ စကား တစ်ခွန်းကို ပြန်ကြား ယောင်မိ ပါတယ်။ ကျနော်တို့ အသင်း တော်မှာ ဆရာကြီးတွေ အများကြီးဘဲ။ အဆိုရှင်၊ အတီးရှင်။ ဂီတမှူး၊ တူရိယာ ပညာရှင်တွေ အများကြီးဘဲ။ ဆရာကြီးတွေ အများ ကြီးဘဲ။ ဒါပေမဲ့ ဆယ်နှစ်ကျော်ပြီ သီချင်း စီးရီး လေးတောင် ကောင်းကောင်းကန်းကန်း တစ်ခွေမှ ဖြစ်ဖြစ် မြောက်မြောက် ထွက်မလာဖူးဘူး။ ဘေးနားက အိမ်နီးချင်း နိုင်ငံတွေကို ကြည့်ပါ။ သူတို့ အသင်းတော်က တည်ထောင်တာ မကြာသေးဘူး။ အသင်းသား အသင်းသူတွေကလဲ ပညာ သိပ်မတတ်။ အဆိုရှင် တူရိယာ ပညာရှင် တွေလဲ မဟုတ်။ ငွေကြေးလဲ မတောင့်တင်းဘူး။ ဒါပေမဲ့ သူတို့ အသင်းတော်တွေက နှစ်တိုင်း ဓမ္မ သီချင်းအခွေ မှန်မှန် ထွက်တယ် လို့ ပြောပါ တယ်။



ဓမ္မဟောင်း ကာလက ဣသရေလ လူမျိုးတွေမှာ စစ်သူရဲကောင်းတွေ အများကြီး ရှိပါတယ်။ ဓါးခုတ်ကျွမ်းကျင်သူ။ လှံထိုး မြင်းစီးကျွမ်းကျင်သူ။ လေးမြှား ပစ်တဲ့ နေရာမှာ လက်တည့်တဲ့သူတွေ။ ခွန်အားဗလ ကြီးမားသူတွေ အများကြီးပါ။ ဗန်းစကားနဲ့ ရေးပြရရင် ဆရာကြီးတွေ အများကြီးပါ။ ဒါပေမဲ့ ရန်သူ ဂေါလျတ် စိန်ခေါ် တဲ့အခါမှာ အဲဒီ ဆရာကြီးတွေ ဘယ်ရောက်ကုန်ပြီလဲ။ ဘယ်ချောင်မှာ သွားပုန်းနေကြ ပါသလဲ။

ဘုရား အမှုတော် ဆောင်တဲ့နေရာမှာ ဆရာကြီး ဖြစ်စရာ မလိုပါ။ အစေခံ ဖြစ်ဖို့သာ လိုပါတယ်။ ဘုရား ဘိသိက်ပေးသူ ဖြစ်ဖို့သာ လိုပါတယ်။

ဘုရား အစေခံသူ ဆယ်ကျော်သက်လေး သိုးကျောင်းသား ဒါဝိဒ်။ ဘုရား အစေခံသူ အသက်နှစ်ဆယ်ကျော် လူငယ်လေး အဒေါ်နီယမ် ဂျပ်ဆင် (ဆရာယုဒသန်) လို လူတွေ သာသနာ အတွက်၊ ဘုရားသခင်အတွက် အများကြီး လိုနေပါတယ်။


သိပ်ပြီး ချွန်နေရင် အသုံး မတည့်ဘူး။ သူများ တွေကို အချွန်နဲ့ ထိုးမိ လိမ့် မယ်။ ကျွန် ဖြစ်ဖို့ဘဲ လိုပါတယ်။ ဘုရားသခင်အတွက် အစေခံလို့ ရပါတယ်။ ။

ဟာလေလုယာ။

---

ကာတွန်း - မင်းအောင်သက်လွင်

**( ပြန်လှည့်လာသူ)**






မြန်မာပြည်ကျမ်းစာအသင်း ၂၆၂ ဆူးလေဘုရားလမ်း ရန်ကုန်မြို့

**မင်းအောင်သက်လွင် ၏ သခင့်နှလုံးသား (အမှတ်၁)**

(တစ်ကိုယ်တော်) ရေးသား စီစဉ် ထုတ်ဝေသည့် ဝိညာဉ်ရေးရာ ရသစုံ **မီနီမဂ္ဂဇင်း** ။

C.L.C (Christian Literature Council) အမှတ်၁၉၁၃၉လမ်း၊ ကျောက်တံတားမြို့နယ်။ရန်ကုန်

ဥရောပနိုင်ငံများနှင့် ဝေးလံသော နယ်ဒေသမှ စာအုပ်ဝယ်ယူရန်ခက်ခဲသူများအား Email မှတဆင့် PDF file ဖြင့် အခမဲ့ ပို့ပေးပါမည်။

**(စင်ကာပူနိုင်ငံ)** ယုဒသန်နှစ်ခြင်းအသင်းတော်။ စကောကရင်နှစ်ခြင်းအသင်းတော် စာအုပ်ဆိုင်။